Republic of the Union of Myanmar

**Statement by the State Counsellor Daw Aung San Suu Kyi**
**on today's attacks in Rakhine State**
**25 August 2017**

I strongly condemn today's brutal attacks by terrorists on security forces in Rakhine State.

I would like to commend the members of the police and security forces who have acted with great courage in the face of many challenges. My thoughts are with the members of the police and security forces who have lost their lives, and their families, friends and colleagues.

The government had been aware of the risk of attacks to coincide with the release of the Commission's final report yesterday and had issued instruction to relevant Union Ministers.

It is clear that today's attacks are a calculated attempt to undermine the efforts of those seeking to build peace and harmony in Rakhine State. We must not allow our work to be derailed by the violent actions of extremists.

The government remains firm in its commitment to finding meaningful and lasting solutions to the issues in Rakhine. I welcome the constructive approach taken by the Advisory Commission on Rakhine State in their final report yesterday.

I welcome also the strong condemnation of the attacks today by the Commission's Chairman, Dr. Kofi Annan.

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရခိုင်ပြည်နယ်တွင် ယနေ့ ဖြစ်ပေါ်နေသည့် တိုက်ခိုက်မှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ထုတ်ပြန်ကြေညာချက်

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

ရခိုင်ပြည်နယ်တွင် လုံခြုံရေးတပ်ဖွဲ့များအပေါ် အကြမ်းဖက်သမားများ၏ ကြမ်းတမ်းရက်စက်သည့် တိုက်ခိုက်မှုလုပ်ရပ်များကို ပြင်းထန်စွာ ရှုတ်ချပါသည်။

စိန်ခေါ်မှုအများအပြားကို ရင်ဆိုင်ရာတွင် သတ္တိရှိရှိ ရှပ်ရှပ်ချွံချွံ တာဝန်ထမ်းဆောင်လျက်ရှိသည့် ရဲဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကိုလည်း ချီးကျူးဂုဏ်ပြုအပ်ပါသည်။ နိုင်ငံအတွက် အသက်ပေးလှူသွားသည့် ရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ မိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များနှင့်လည်း တစ်သားတည်း ရပ်တည်လျက်ရှိပြီး ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ် အစီရင်ခံစာ ထုတ်ပြန်မှုနှင့် အချိန်ကိုက်၍ တိုက်ခိုက်မှုများ ဖြစ်လာနိုင်ဖွယ်ရာရှိသည်ကို ယခင်ကတည်းက ကြိုတင်မှန်းဆထားသည့်အတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများအားလည်း ညွှန်ကြားချက်များ ပေးထားခဲ့ပါသည်။

ယနေ့တိုက်ခိုက်မှုများသည် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် သဟဇာတဖြစ်မှုတို့အတွက် ကြိုးပမ်းအားထုတ်နေမှုများကို ထိခိုက်ယုတ်လျော့သွားစေရန် ဦးတည်ချက်ရှိရှိ စနစ်တကျ စီမံဆောင်ရွက်နေသည့် လုပ်ရပ်များဖြစ်သည်မှာ ထင်ရှားနေပါသည်။ အစွန်းရောက် အကြမ်းဖက်သမားများ၏ ရက်စက်ပြင်းထန်သည့် လုပ်ရပ်များကြောင့် မိမိတို့၏လုပ်ငန်းများ ယိမ်းယိုင်သွားမည် မဟုတ်ပါ။

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်၏ အရေးကိစ္စများကို လက်တွေ့ကျပြီး ရေရှည်တည်တံ့သည့် ဖြေရှင်းချက်များဖြင့် ထိထိရောက်ရောက် ဖြေရှင်းသွားမည်ဟု ခိုင်မာသည့် သန္နိဋ္ဌာန်ထားရှိပြီးဖြစ်ပါသည်။ ယမန်နေ့က ထုတ်ပြန်လိုက်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် အစီရင်ခံစာ၏ အပြုသဘောဆောင်သည့် ချဉ်းကပ်ရပ်တည်မှုကို ကြိုဆိုပါသည်။

ယနေ့ ဖြစ်ပွားသည့် တိုက်ခိုက်မှုများအား ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာကိုဖီအာနန်မှ ပြင်းထန်စွာ ရှုတ်ချကြောင်းကြေညာချက်ကို ကြိုဆိုကြောင်း ထုတ်ပြန်အပ်ပါသည်။

MOFA | MMRS 1.0.0 | Printed B... ON 27/08/2017 14:40:48